## ဆိုင်ကလုန်းမုန်တိုင်း YASS နှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက် (၂၅-၅-၂၀၂၁)

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် လွန်ခဲ့သည့် (၁၂)နာရီ အတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ယာစ်( Severe Cyclonic Storm YASS) အဖြစ်သို့ ရောက်ရှိခဲ့ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဦးတည်ခြင်း မရှိဘဲ အိန္ဒိယနိုင်ငံဘက်သို့ ဦးတည် ရွေ့လျားနိုင်ပါသည်။ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင်(၆၅)နှုန်းဖြစ်ပါသည်။ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ယာစ်သည် လာမည့် ၁၂ နာရီအတွင်း အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ယာစ် (Very Severe Cyclonic Storm YAAS) အဖြစ်သို့ ရောက်ရှိနိုင်ပြီး နောက်လာမည့် ၄၈နာရီအတွင်း အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်မြောက်ဘက် ကမ်းခြေနှင့် အနောက်ဘင်္ဂလားပြည်နယ်ကြားသို့ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားပါသည်။

### လှိုင်းကြီးခြင်း

| မြန်မာ့ကမ်းရိုးတန်းအမည် | ရေပြင်လေတိုက်ခတ်နှုန်း | လှိုင်းအမြင့် |
|---|---|---|
| မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင် | အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင် | ၁၃ ပေခန့် |
| မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် | အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၅ မှ ၄၀ မိုင် | ၉ပေခန့် |

## ဆိုင်ကလုန်းမုန်တိုင်း YASS နှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက် (၂၅-၅-၂၀၂၁)

### *မိုးထစ်ချုန်းရွာခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်း*

| ပြည်နယ်/တိုင်းဒေသကြီး | မိုးရွာသွန်းနိုင်ခြေ | မှတ်ချက် |
|---|---|---|
| ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ | နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင် | ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ နှင့် ရန်ကုန်တိုင်း တို့တွင် နေရာကွက်ပြီး မိုးကြီးနိုင်ပါသည်။ |
| စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ | နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင် | |
| မန္တလေးတိုင်း၊ နေပြည်တော် | နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင် | |
| စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်း နှင့် ကယားပြည်နယ် | နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင် | |

**မှတ်ချက်** - မေလ ၂၆-၂၇ ရက်နေ့များတွင် မြစ်ဝကျွန်းပေါ်တွင် မုန်တိုင်းနှင့်အတူ ပါလာသည့် ဒီရေလှိုင်း သည် အမြင့်ပေ ၃ပေမှ ၅ ပေ ခန့်အထိ ရောက်ရှိ နိုင်ကြောင်း ကနဦး မော်ဒယ်ခန့်မှန်းချက်အရ သိရှိရပါသည်။ မုန်တိုင်းဒီရေနှင့် ပတ်သက်သည့် ထုတ်ပြန်ချက် များကို အချိန်နှင့် တပြေးညီ ထပ်မံ ထုတ်ပြန် သွားမည် ဖြစ်ပါသည်။

# ဆိုင်ကလုန်းမုန်တိုင်း YASS နှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက် (၂၅-၅-၂၀၂၁)

## အကြံပြုချက်

မိုးထစ်ချုန်းရွာခြင်း၏ နောက်ဆက်တွဲ ဖြစ်သည့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ ရုတ်တရက် မြစ်ရေ/ ချောင်းရေများ တက်လာခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် မြစ်ကမ်းပါးအနီး၊ တောင်စောင်းများအနီးတွင် နေထိုင်ကြသူများ အနေဖြင့် သတိပြုနိုင်ကြပါရန်နှင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ ခရီးသွားရေယာဉ်များနှင့် ရေလုပ်သားများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်။



Ref: BDT Satellite Bulletin issued on 25/5/2021